ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၁၄ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ၊ အောက်တိုဘာလ ၇ ရက်

အကြောင်းအရာ။ **Fully Online Licensing စနစ်ကို အသုံးပြု၍ သွင်းကုန်လိုင်စင်လျှောက်ထားနိုင်သည့် ပစ္စည်းအမယ်များ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို ပို့ကုန်/သွင်းကုန်လိုင်စင်ကို Fully Online Licensing စနစ်ဖြင့် ၂၀၁၆ ခုနှစ်မှ စတင်ခွင့်ပြုခဲ့ရာ HS Code 2017 Version အရ 10 Digit ဖြင့် ပို့ကုန် HS Line (၈၈)လိုင်းနှင့် သွင်းကုန် HS Line (၆၅၀)လိုင်းတို့အား အွန်လိုင်းဖြင့် လိုင်စင်လျှောက်ထားထုတ်ယူနိုင်ကြောင်း ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ(၆/၂၀၂၀) ဖြင့် ထုတ်ပြန်ပြီးဖြစ်ပါသည်။

၂။ လုပ်ငန်းရှင်များပိုမိုအဆင်ပြေစေရေးအတွက် အထက်ဖော်ပြပါ ကုန်စည်အမယ်များအပြင် သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများမှ နောက်ဆက်တွဲပါ 10 Digit HS Line (၆၈၉)လိုင်းအား ၂၀၂၀ပြည့်နှစ် ၊ အောက်တိုဘာလ ၁၂ ရက်နေ့မှစ၍ Fully Online Licensing စနစ်ဖြင့် www.myanmartradenet.com.mm တွင် သွင်းကုန်လိုင်စင်လျှောက်ထားရယူနိုင်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ကုန်သွယ်ရေးဦးစီးဌာန